**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**ဒုတိယနေ့ အစည်းအဝေး အကျဉ်းချုပ်**

**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)**

**[ ကြာသပတေးနေ့ ]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် **(၁၃)**ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရန်ကုန်မြို့၊ ဂျိုးဖြူရေပိုက်လိုင်းအနီးတွင် စည်းကမ်းမဲ့ကျူးကျော်သူများမှ ဆောင်ရွက်နေသည်များကို အရေးယူပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ **နေပြည်တော်ကောင်စီဝင်**၊ ဦးညီထွန်း က အာဏာပိုင်အဖွဲ့အစည်းများ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ ပူးပေါင်းအဖွဲ့အစည်းများ၊ သက်ဆိုင်ရာနယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီများရယူ၍ ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မွန်ပြည်နယ်၊ မော်လမြိုင်မြို့တော်တွင် Road Traffic Control System အကောင်အထည်ဖော်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ **နေပြည်တော်ကောင်စီဝင်**၊ ဦးညီထွန်း က ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မီးပွိုင့်များ၊ Slow down များ၊ လူကူးမျဉ်းကြားများနှင့် အရှိန်ထိန်းအချက်ပြမီးဝါများ တပ်ဆင်ထားရှိပြီးဖြစ်ပါ၍ လတ်တလောတွင် Road Traffic Control System အကောင်အထည်ဖော်ရန် အစီအစဉ်မရှိကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခါမ်းပါတ်မြို့တွင်းရှိ အမှတ်(၄)ရပ်ကွက်မှ အမှတ်(၃)နှင့် အမှတ်(၂)ရပ်ကွက်များသို့ ဆက်သွယ်သောလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ **နေပြည်တော်ကောင်စီဝင်**၊ ဦးညီထွန်း က ခါမ်းပါတ်မြို့ စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက်အခြေအနေအရ ရန်ပုံငွေလုံလောက်မှု မရှိသဖြင့် လျာထားနိုင်ခြင်းမရှိသေးကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၃။ အခြေခံပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်(၅)ဦးတို့က ဆွေးနွေးသည်။

၄။ အစည်းအဝေးကို ၁၀:၅၀ နာရီ အချိန်တွင် ရပ်နားပြီး တတိယနေ့ အစည်းအဝေးကို ၂၃-၇-၂၀၁၉ ရက်နေ့ (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**